[နေ့စွဲတပ်ရန်]

ခင်မင်လေးစားအပ်ပါသော___________________၊

ကျောင်းအပ်စဉ် ဖြေကြားခဲ့သည့် အိမ်တွင်း ဘာသာစကားမေးခွန်းများနှင့် တစ်ဦးချင်းလူတွေ့မေးမြန်းမှုပေါ် အခြေခံ၍၊ သင့်ကလေး__________________ သည် ___[ရက်စွဲ]_____ နေ့တွင် နယူးယောက်ပြည်နယ် အင်္ဂလိပ်ဘာသာစကား သင်ယူသူများအား ရှာဖွေသတ်မှတ်သော စာမေးပွဲ (NYSITELL) ကို ဖြေဆိုခဲ့ပြီး ဖြစ်သည်။ NYSITELL မှ ရလဒ်များအပေါ် အခြေခံ၍ သင့်ကလေး၏ အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှု အဆင့်ကို သတ်မှတ်ကာ၊ အင်္ဂလိပ်ဘာသာစကား သင်ယူသူများ (ELL) အတွက် သတ်မှတ်ထားသည့် ဝန်ဆောင်မှုများ ရနိုင်ခြင်း ရှိ၊ မရှိ သတ်မှတ်ပေးသည်။ ထို NYSITELL တွင် သင့်ကလေးသည်___________________________ အဆင့် ရရှိ၍ (ရှင်းလင်းချက်ကို အောက်တွင်ကြည့်ရှုရန်)၊ ၎င်းသည် ဒွိဘာသာ အစီအစဉ် သို့မဟုတ် အင်္ဂလိပ်စကားအား ဘာသာစကားအသစ်အဖြစ် သင်ကြားမှု အစီအစဉ် အင်္ဂလိပ်ဘာသာစကား သင်ယူသူများ (ELL) အတွက် ဝန်ဆောင်မှုများကို ရရှိခွင့် ရှိပေသည်။

| အဆင့်<br>☑<br>အမှတ်ခြစ်ရန် | အဆင့် | အင်္ဂလိပ် ဘာသာစကား တတ်မြောက်ကျွမ်းကျင်မှု အဆင့် |
|---|---|---|
| ☐ | **စတင်ဝင် ရောက်ခြင်း**<br>**(အခြေခံ အစပြု)** | ဤအတန်း၏ ပညာရေးအပိုင်း အစုံအလင် အတွတ်လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်နိုင်ရန် ကျောင်းသား/သူသည် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများနှင့် စနစ်တကျတည်ဆောက်ထားသည့် သင်ကြားမှုပုံစံများအပေါ် မှီခိုရန် အနည်းငယ် လိုအပ်လျက်ရှိသည်။ |
| ☐ | **တိုးတက်ခြင်း**<br>**(အခြေခံအ လယ်အလတ်)** | ဤအတန်း၏ ပညာရေးအပိုင်း အစုံအလင်အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်နိုင်ရန် ကျောင်းသား/သူသည် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများနှင့် စနစ်တကျတည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများအပေါ် မှီခိုရန် အနည်းငယ် လိုအပ်လျက်ရှိသည်။ |
| ☐ | **ကူးပြောင်းခြင်း**<br>**(အလယ်အလတ်)** | ဤအတန်း၏ ပညာရေးအပိုင်း အစုံအလင်အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ကျောင်းသား/သူသည် ဘာသာစကားလေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများနှင့် စနစ်တကျတည်ဆောက်ထားသည့် သင်ကြားမှုပုံစံများအပေါ် မှီခိုမှုမှ အနည်းငယ် လွတ်လပ်လျက်ရှိသည်။ |
| ☐ | **တိုးပွားခြင်း**<br>**(အဆင့်မြင့်)** | ဤအတန်း၏ ပညာရေးအပိုင်း အစုံအလင်အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်နိုင်ရန် ကျောင်းသား/သူသည် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများနှင့် စနစ်တကျတည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများအပေါ် မှီခိုမှုမှ အများအပြား လွတ်လပ်လျက်ရှိသည်။ |

**သင့်ကလေးအတွက် အင်္ဂလိပ်ဘာသာစကား သင်ကြားမှုအစီအစဉ်များနှင့် ဝန်ဆောင်မှုများကို လေ့လာနိုင်ရန် မိဘများ ကြိုဆိုတွေ့ဆုံပွဲကို သင်မှ မပျက်မကွက်တက်ရောက်ရန် အလွန်အရေးကြီးသည်။**

နယူးယောက်ပြည်နယ်တွင် ကျောင်းများမှ ELL ကျောင်းသား/သူများ၏ မိသားစုများအတွက် ကျောင်းများနှင့် ကျောင်းခရိုင်များမှ ကြိုဆိုတွေ့ဆုံပွဲများ ပြုလုပ်ကာ၊ မိဘများနှင့် အုပ်ထိန်းသူများအား ELL အစီအစဉ် အမျိုးမျိုးအကြောင်း ရှင်းလင်းပြောဆိုပေးရန် လိုအပ်ချက် ရှိပေသည်။ ထိုကြိုဆိုတွေ့ဆုံပွဲများတွင် ELL အစီအစဉ်များနှင့် ပတ်သတ်သည့် သတင်းအချက်အလက်များကို သင့်မိခင်ဘာသာစကားနှင့် လက်ခံရရှိကာ၊ ELL အစီအစဉ်များနှင့် ပတ်သက်သည့် မေးခွန်းများကိုလည်း လိုအပ်ပါက စကားပြန်၏ အကူအညီဖြင့် မိခင်ဘာသာစကားနှင့် မေးမြန်းပြောဆိုနိုင်မည် ဖြစ်သည်။ ကြိုဆိုတွေ့ဆုံပွဲများ အပြီးတွင် ELL မိဘကြိုဆိုတွေ့ဆုံပွဲစာရင်းအား ဖြည့်စွက်ရမည်ဖြစ်ကာ၊ သင့်ကလေးအတွက် ဆုံးဖြတ်ချက်ပေးနိုင်သည့် သတင်းအချက်အလက်များ ရရှိကြောင်း ဖေါ်ပြသေချာစေရမည်။ ထို့အပြင်၊ သင့်ကလေး ရယူရမည့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သင်မှ နောက်ဆုံးပိတ် ဆုံးဖြတ်ချက် ချနိုင်ရန်အတွက် ELL ကျောင်းသား နေရာချထားရေး လျှောက်လွှာကို ရရှိမည်ဖြစ်သည်။ ဤလျှောက်လွှာကိုလည်း သင့်မိခင် ဘာသာစကားဖြင့် ရေးသားထားရှိမည် ဖြစ်သည်။

မိဘကြိုဆိုတွေ့ဆုံပွဲအား ___[ရက်စွဲ]_______နေ့၊_________[အချိန်]______အချိန်တွင် အောက်ပါ နေရာ၌ ကျင်းပမည်ဖြစ်သည်။

[လိပ်စာ]

အချိန်တိကျစွာ စတင်နိုင်ရန် ကျေးဇူးပြု၍ အစောဆုံးလာပေးပါ။ အကယ်၍ မလာအားပါက ကျေးဇူးပြု၍____________________ အား၊ တယ်လီဖုန်းနံပါတ်________________တွင်ဖုန်းခေါ်ဆိုကာ သင့်ကလေးအတွက် ရရှိနိုင်သည့် ELL အစီအစဉ်များအကြောင်း ဆွေးနွေးရန် ချိန်းဆိုပါ။ သင့်ကလေးမှ အောင်မြင်သော ပညာသင်နှစ် ရရှိရန် ကျွန်ုပ်တို့မှ မျှော်မှန်းပေသည်။ သိလိုသည်များ ရှိပါက _______________ အား၊ _____________ တွင် ဖုန်းခေါ်ယူ၍ ဆက်သွယ်မေးမြန်းပါ။

အပိုင်း 154-2.3(b) အရ၊ သင်သည် ၄၅ ရက်အတွင်း ဤဆုံးဖြတ်ချက်ကို ပြန်လည်ဆန်းစစ်ရန် တောင်းဆိုနိုင်သည်။ သင့်ကလေး၏အချက်အလက်အား ကျောင်းခရိုင်မှ ပြန်လည်စစ်ဆေးစေလိုပါက ကျေးဇူးပြု၍ သင့်ကျောင်းသို့ ၄၅ရက်အတွင်း တောင်းဆိုစာလျှောက်တင်ပါ။

လေးစားစွာဖြင့်၊

☐ ကျောင်းအပ်စဉ် ကြိုဆိုတွေ့ဆုံပွဲနှင့်တိုက်ဆိုင်ပါက ဤနေရာတွင် အမှတ်ခြစ်ပါ။

---

**ကျောင်းမှ ဤမိတ္တူအား ကျောင်းသား/သူ၏ တစ်သက်တာမှတ်တမ်းအတွင်း သိမ်းဆည်းထားရမည်။**

NYSED.gov